ရခိုင်အမျိုးသမီးများအစည်းအရုံး
**Rakhaing Women Union (H.Q)**
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :                                                                 Date : ..............................

ရက်စွဲ– ၁၀–၀၇–၂၀၀၅။

# သတင်းထုတ်ပြန်ချက်

## သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုကိုရပ်တန့်ရန် မေတ္တာရပ်ခံခြင်း

အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့(ချ်) သုံးနိုင်ငံဆက်လက်ဆောင်ရွက်နိုင်သော ရန်နှင့် သဘာဝဓါတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းအတွက် အတိုင်ပင်တခုကို July လ(၆)လရက် ဗုဒ္ဓဟူးနိုက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဘင်္ဂလားဒေ့(ချ်)နိုင်ငံ တက်ရောက်ခြင်းမပါဘဲကျင်းပပြုလုပ်ခကတ်ပါသည်။

ဤလုပ်ငန်းစဉ်သည် ၂၀၀၅–ခု ဇန္နဝါရီလမှစ၍ စတင်ဆောင်ရွက်လာသောလုပ်ငန်းဖြစ်ပြီး ဒေဂုအခါ လုပ်ငန်းအကောင်အထည်ဖေါ်မည့် အနီးအထားသို့ရောက်လာပြီးဖြစ်သည်။

သဘာဓါတ်ငွေ့ ရောင်းဝယ်ဖေါက်ကားရေးနှင့်ပတ်သက်၍ ရခိုင်အမျိုးသမီးများအစည်းအရုံး ဥက္ကဌ စောမြရာဇာလင်းက သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုအားရပ်တန့်ပါရန် မေတ္တာရပ်ခံစာတစောင်ကို India ဝန်ကြီးချုပ်ထံရှိုးသားပီးပို့လိုက်ပါသည်။

ထိုမေတ္တာရပ်ခံစာတွင် ရခိုင်ပြည်သူလူထုတရပ်လုံး ခံစားနီရသောဒုက္ခကိုဖေါ်ပြထားပြီး ရန်ပင်လယ်ပြင်ပေါ်၌ အသက်ရှင်နီရပါလျှက် ရန်ဆီသုံးခွင့်မရကတ်သော ရခိုင်ရို့၏ဘဝကိုဖေါ်ပြထားပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံသည် သမိုင်းအစဉ်အလာအရ နာမည်ကောင်းဟိလာသော တိုင်းပြည်ကြီးတခုဖြစ်ပြီး ကမ္ဘာ၌ ဒီမိုကရေစီအထွန်းကားဆုံးနိုင်ငံများထဲမှတခုဖြစ်ရာ မြန်မာပြည်ဟိ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုများအား မတရားနှိပ်စက်သတ်ဖြတ်နီသော စစ်အာဏာသျှင်များနှင့် လက်တွဲလုပ်ကိုင်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံ၏ ဂုဏ်သရေကို ထိခိုက်နိုင်ကြောင်းထောက်ပြထားပါသည်။

ဆက်လက်၍ အိန္ဒိနိုင်ငံအနေနှင့် လျှပ်စစ်ဓါတ်အား အသုံးပြုလိုမှုပိုမိုလိုအပ်နီသည့်အတွက် ရခိုင်ပြည်မှ သဘာဝဓါတ်ငွေ့များကို ဝယ်ယူလိုသော်လည်း အစိုးရနှင့် ပြည်သူနှစ်ဦးနှစ်ဖက် အကျိုးဟိနိုင်ရေးအတွက် ဒီမိုကရေစီစနစ်ကို ဖေါ်ဆောင်သော ပြည်သူအစိုးရတက်လာမှသာဝယ်ယူပါရန်နှင့် ဒီမိုကရေစီထွန်းကားအောင် ကူညီပံ့ပိုးပါရန် မေတ္တာရပ်ခံထားပါသည်။ တဆက်တည်းတွင် လူဖြစ်ရှုံးနီရသော ရခိုင်ပြည်သူလူထုအား စာနာထောက်ထားပါရန်လည်း မေတ္တာရပ်ခံကြောင်းဖေါ်ပြထားပါသည်။

စစ်အစိုးရထံမှ ဒေဂုသဘာဝဓါတ်ငွေ့ဝယ်ယူမှုသည် စစ်အစိုးရအာဏာတည်မြဲရေးကို ပိုမိုအထောက်အကူပြုရာရောက်သည့်အပြင် လက်နက်အားကိုးဖြင့် မြန်မာပြည်ဟိ တိုင်းရင်းသားများစွာရို့အား မတရားသတ်ဖြတ်နိုင်ရေးကို အထောက်အကူပြုရာလည်းရောက်ကြောင်း ဖေါ်ပြပါဟိပါသည်။

သဘာဝဓါတ်ငွေ့ရောင်းဝယ်ရေးနှင့်ပတ်သက်၍ ရခိုင်အမျိုးသမီးများအစည်းအရုံး ဥက္ကဌ စောမြရာဇာလင်းက *"ရခိုင်ပြည်လွတ်လပ်ရေးဆုံးရှုံးနီသည်မှာ အနှစ် ၂၂၁ နှစ်ကျော်ပြီးဖြစ်ကြောင်း။ သို့ရာတွင် သဘာဝမိခင်မြေကြီးက ရခိုင်ပြည်သူများအသက်ရှင်ရေးအတွက် သီးနှံ၊ သားငါး၊ သဘာဝပစ္စည်းများ အစဉ်အဆက်ပေးနေခဲ့ကြောင်း၊ ဒေဂုအချိန်မှာ မြေအောက်၊ ရေအောက်ပစ္စည်းများအားလုံးကို တူးဖော်ရောင်းချလာရာ အနာဂတ်ကာလ၌ ရခိုင်ရှိ့အတွက် များစွာအခက်ကြုံရမည်ဖြစ်ကြောင်း ပြောပြထားပြီး ဤသဘာဝဓါတ်ငွေ့ ရခိုင်မြေပြင်ကမထွက်ဖို့အရေး အတတ်နိုင်ဆုံးကာကွယ်ရန် မိမိရှိ့ရခိုင်အမျိုးသမီးများမှာလည်း တာဝန်ဟိကြောင်း ထုတ်ဖော်ပြောကြားခပါသည်။ "*

အိန္ဒိယ ဝန်ကြီးချုပ်ထံပေးပို့သောမေတ္တာရပ်ခံစာကို Congress Party ဥက္ကဌလည်းဖြစ် UPA ဥက္ကဌလည်းဖြစ်သော Mr.Sonia Gandhi ထံသို့လည်း မိတ္တူပေးပို့ထားကြောင်းသိရပါသည်။

ဗဟိုပြန်ကြားရေးဌာန
ရခိုင်အမျိုးသမီးများအစည်းအရုံး

သတင်းပိုမိုရဟိလိုပါက–

Tel: 880-2-9013435
Mob: 880-189426153